ကာကွယ်ရေးဝန်ကြီးဌာန
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**
**အမျိုးသားညီညွတ်ရေးအစိုးရ**
**ကာကွယ်ရေးဝန်ကြီးဌာန**
mod@nugmyanmar.org

# (၇၄)နှစ်မြောက် ချင်းအမျိုးသားနေ့ သို့ပေးပို့သည့် သဝဏ်လွှာ

ရက်စွဲ၊ ၂၀၂၂ ခုနှစ်၊ ဖေဖော်ဝါရီလ (၂၀)ရက်

၁။ ယနေ့ ၂၀၂၂ခုနှစ်၊ ဖေဖော်ဝါရီလ(၂၀)ရက်နေ့တွင် ကျရောက်သော (၇၄)နှစ်မြောက် "ချင်းအမျိုးသားနေ့" သို့ ဂုဏ်ယူစွာဖြင့် ဤသဝဏ်လွှာကို ပေးပို့အပ်ပါသည်။

၂။ ချင်းအမျိုးသားတို့သည် ပြည်ထောင်စု မြန်မာနိုင်ငံတော်တွင် အရေးကြီးသည့် လူမျိုးတစ်ခု ဖြစ်သည်နှင့်အညီ ချင်းတစ်မျိုးသားလုံး စုစည်းညီညွတ်ရေး ရှေးရှုလျက် "ချင်းအမျိုးသားနေ့" ရက်မြတ် ရွေးချယ်သတ်မှတ်ရန် ၁၉၅၀ ခုနှစ်၊ အောက်တိုဘာလ (၉) ရက် နေ့ တွင် ကျင်းပသော ချင်းရေးရာကောင်စီအစည်းအဝေးတွင် ဆွေးနွေးခဲ့ကြသည်။

၃။ ထိုအစည်းအဝေးက ဖလမ်းမြို့တွင် ချင်းလူထုညီလာခံကျင်းပခဲ့သော ၁၉၄၈ ခုနှစ်၊ ဖေဖော်ဝါရီ (၂၀) ရက် နေ့ကို ချင်းအမျိုးသားနေ့ အဖြစ် သတ်မှတ်ရန် သဘောတူ ဆုံးဖြတ်ခဲ့ကြရာ ယခုဆိုလျှင် (၇၄)နှစ် တင်းတင်း ပြည့်မြောက်ခဲ့ပြီ ဖြစ်သည်။

၄။ နယ်ချဲ့ ဖက်ဆစ် ဆန့်ကျင်ရေး ကာလမှသည် ယနေ့ နွေဦးတော်လှန်ရေးကာလအထိ တော်လှန်ရေးအဆက်ဆက်တွင် စွန့်လွှတ်အနစ်နာခံလျက် ရှေ့တန်းမှ ဦးဆောင်ပါဝင်ခဲ့သော ချင်းအမျိုးသားများ၊ ချင်းခေါင်းဆောင်များနှင့် ချင်းအာဇာနည် အပေါင်းအား အမျိုးသားညီညွတ်ရေးအစိုးရ၊ ကာကွယ်ရေးဝန်ကြီးဌာနက ယနေ့ကျရောက်သော (၇၄) နှစ်မြောက် ချင်းအမျိုးသားနေ့တွင် အလေးအနက် ဦးညွှတ်ဂုဏ်ပြုလိုက်ပါသည်။

၅။ လွတ်လပ်မှု၊ တရားမျှတမှု၊ တန်းတူညီမျှမှု ထွန်းကားသော ဖက်ဒရယ်ဒီမိုကရေစီ ပြည်ထောင်စု သစ်ဆီသို့ မျှော်ရည်သည့် ပြည်သူ့ခုခံတွန်းလှန်စစ် အောင်ပွဲခံသည့်အချိန်အထိ ချင်းအမျိုးသားများ သည် ရှေ့တန်းမှ ဆက်လက် ဦးဆောင်ပါဝင်လိမ့်မည်ဟု ယုံကြည်ပါကြောင်း ဖော်ပြအပ်ပါသည်။

ကာကွယ်ရေးဝန်ကြီးဌာန
အမျိုးသားညီညွတ်ရေးအစိုးရ